BURMA PARTNERSHIP
မြန်မာ့အရေး ပူးပေါင်းဆောင်ရွက်သူများ
Strengthening Cooperation for a Free Burma

# ဘယ်သေနတ်သံက တိတ်လို့လဲ

## ယိုင်နဲ့နေသော မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် သုံးသပ်ချက်

၁၇ စက်တင်ဘာ ၂၀၁၃

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်သည် ၂ နှစ်နီးပါးမျှ ကြာမြင့်ပြီ ဖြစ်သည်။ ပဏာမအပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့ခြင်းအပေါ် ကနဦးအပြုသဘောအမြင်များရှိခဲ့ကြသော်လည်း လွန်ခဲ့သော ၁၈ လတာကာလအတွင်းတွင် အခြေအနေများ အလွန်တရာယိမ်းယိုင်လာခဲ့သည်။ အပစ်အခတ်ရပ်စဲရေးသည် ငြိမ်းချမ်းရေးဖြစ်စဉ်၏ အစောဆုံးအဆင့်သာဖြစ်ပြီး ပုံမှန်ဆက်လက်ဖြစ်ပေါ်နေသော ရှမ်းပြည်နယ်ရှိတိုက်ပွဲများအပြင် ကရင် နှင့် မွန်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သော တိုက်ပွဲငယ်များ၏အရှိန်ကြောင့် ပိုမို၍ပင် ပျက်စီးလွယ်သည့်အနေအထားနှင့် ကြုံတွေ့လာရသည်။ ကချင်ပြည်နယ်တွင်ဖြင့် လက်နက်ကိုင်ပဋိပက္ခများ တဟုန်ထိုးမြင့်တက်လာခဲ့ပြီး အစိုးရနှင့် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) အကြားတွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် မရှိသေးပေ။

ဤစာတမ်းသည် လတ်တလောအခြေအနေအပေါ် သုံးသပ်ချက်ဖြစ်ပြီး သက်ဆိုင်သူအဖွဲ့အစည်းများထံ အကြံပြုချက်များ ပါဝင်သည်။ ဤစာတမ်းကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ လူထုအဖွဲ့အစည်းနှင့် အရပ်ဖက်အဖွဲ့အစည်းကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းချက်များအပေါ် အခြေခံရေးသားထားခြင်း ဖြစ်သည်။ သမ္မတဦးသိန်းစိန်သည် ၎င်း၏ဗြိတိန်နိုင်ငံခရီးစဉ်တွင် "လာမယ့်ရေ့အပတ်တွေကျရင် တနိုင်ငံလုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးလုပ်ဖို့အရမ်းကို ဖြစ်နိုင်ပါတယ်။ နှစ် ၆၀ အတွင်း ပထမဆုံးအကြိမ်အနေနဲ့ မြန်မာတစ်နိုင်ငံလုံးမှာ သေနတ်သံတွေ တိတ်သွားပါလိမ့်မယ်[1]" ဟု ပြောခဲ့သည်။ သမ္မတဦးသိန်းစိန်၏ ပြောကြားချက်များနှင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားဒေသများရှိ လက်တွေ့ ဖြစ်ပျက်နေမှုများအကြား အလွန်တရာကြီးမားသော ကွာခြားချက်များရှိနေပြီး ၎င်းကွာခြားချက်များကို ဤစာတမ်းတွင်[2] ဆက်လက်ရှင်းလင်းသွားပါမည်။ အောက်ခြေရှိအခြေအနေမှန်မှာ အများမှအလွန်ချီးမွမ်းခန်းဖွဲ့နေသော ပြုပြင်ပြောင်းလဲရေးဖြစ်စဉ် အချိန်အတောအတွင်းတွင်ပင် တပ်မတော်သည် များပြားလွန်းသည့်အာဏာကို ဥပဒေပြုရယူထားဆဲဖြစ်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် စစ်ပွဲများဆက်လက်ဆင်နွှဲကာ လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ဆက်လက်ကျူး လွန်နေလျှက်ရှိသည်။ တိုင်းပြည်၏စီးပွားရေးကို ဖွင့်ပေးပြီး ဈေးကွက်စီးပွားအတွင်း သွတ်သွင်းနေသည့် အခင်းအကျင်းအောက်၌ တိုင်းရင်းသားဒေသများရှိ ပေါ်များကြွယ်ဝလှသော သဘာဝသယံဇာတများအပေါ် ထိန်းချုပ်မှုအပြည့်အဝ ရယူလိုခြင်းသည် ဤပဋိပက္ခ၏ နောက်ကွယ်အကြောင်းတရားတစ်ခု ဖြစ်သည်။ ထို့ကြောင့် အမှန်တကယ်ရှိထားပြီးသော ရင်းနှီးမြှုပ်နှံမှုများနှင့် ဖြစ်နိုင်ချေရှုန်းရှိသောရင်းနှီးမြှုပ်နှံမှုများလည်း သိသိသာသာတိုးများပြားလာသည်ကို တွေ့ရသည်။ ဆယ်စုနှစ် များစွာကြာမြင့်ပြီဖြစ်သော ပြည်တွင်းစစ်အတွက်

[1] "UK to Resume Military Ties with Burma," The Irrawaddy, 16 July, 2013, http://bit.ly/18m9Nav
[2] Research for this paper includes interviews with representatives of ethnic NSAGs and ethnic civil society organizations

ခိုင်မာသောအဖြေတစ်ခုရရှိရန် ကြိုးပမ်းချက်များသည် သဘာဝအရင်းအမြစ် ကို ဆာလောင်နေသော၊ ပြုပြင်ပြောင်းလဲလိုသည့်ဆန္ဒ မရှိသော၊ အထိန်းအကွပ်မရှိသော တပ်မတော်ကြောင့် အကျိုးမရှိ ဖြစ် နေရသည်။ တပ်မတော်၏အာဏာကို ကန့်သတ်ထိန်းကွပ်ပေးနိုင်သော နိုင်ငံရေးအဖြေတစ်ခုကိုရှာပြီး တိုင်းရင်းသားလူမျိုးများ၏တန်းတူညီရေးအခွင့်အရေးကို အာမခံချက်ပေးသည့် နိုင်ငံရေးစနစ်သို့ ပြောင်းလဲမှုများ ပြုလုပ်နိုင်ခြင်း မရှိသေးသရွေ့ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ဖြစ်စဉ်သည် ကျိုးပဲ့ပျက်စီးလွယ်သည့် အနေအထားတွင်သာ ဆက်လက်တည်ရှိနေမည် ဖြစ်သည်။

## လက်နက်ကိုင်ပဋိပက္ခများ

### ကချင်ပြည်နယ်ထိုးစစ်ဆင်မှုများ

၂၀၁၁ ခုနှစ် ဇွန်လတွင် မြန်မာ့တပ်မတော်သည် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့် ၁၇ နှစ်တာ ထားရှိခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ကာ ကချင်လွတ်လပ်ရေးတပ်မတော် (KIA) ၏ တပ်စခန်းများကို စတင်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ထိုအချိန်မှစ၍ KIO နယ်မြေများအတွင်း တပ်မတော်၏ ၂ နှစ်ကျော်ကြာ စစ်ကြောင်းထိုးမှုများကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးသူပြည်သူများ ၁၀၀,၀၀၀ ခန့် ရှိလာခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ခဲ့ပြီး အရေအတွက်အတိအကျ မသိနိုင်သေးသည့် မြန်မာစစ်သား၊ KIO စစ်သားများ နှင့် ပြည်သူများလည်း သေဆုံးခဲ့ရသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာ့တပ်မတော်သည် ၎င်း၏တိုက်ခိုက်မှုများကို အရှိန်အဟုန်မြှင့်တိုးချဲ့ကာ မြန်မာနိုင်ငံ၏ ပြည်တွင်းစစ်သမိုင်း ၆၅ နှစ်တာအချိန်အတွင်း အကြီးမားဆုံးသော ထိုးစစ်ဆင်မှုကို ပြုလုပ်ခဲ့သည်။ ပထမဆုံးအကြိမ်အနေဖြင့် ရဟတ်ယာဉ်များနှင့် စစ်တိုက်လေယာဉ်များ အသုံးပြုကာ လေကြောင်းထိုးစစ်ဆင်မှုများ ပြုလုပ်ခဲ့ရာ KIO သည် ၎င်း၏ တပ်ရင်းချုပ်ဖြစ်သော တရုတ်နိုင်ငံနယ်စပ်ရှိ လိုင်ဇာမြို့သို့ ဆုတ်ခွာခဲ့ရသည်[3]။ နိုင်ငံတကာအသိုင်းအဝိုင်း၏ ဖိအားပေးဆော်သြမှုများကြောင့် မြန်မာ့တပ်မတော်သည် လိုင်ဇာမြို့အား ဆက်လက်တိုက်ခိုက်ရန် ရည်ရွယ်ချက်အား ရပ်တန့်ကာ လက်ရှိလိုင်ဇာမြို့အနီးတဝိုက်တွင် တပ်များချထားလျှက်ရှိနေသည်။ တိုက်ပွဲများဖြစ်နေစဉ်အချိန်တစ်လျှောက် အပစ်အခတ်ရပ်စဲရေး တွေ့ဆုံဆွေးနွေးမှုများ အကြိမ်ပေါင်းများစွာ ပြုလုပ်ခဲ့ကြသည်။ တွေ့ဆုံဆွေးနွေးမှုများကို တရုတ်နိုင်ငံ ရွှေလီမြို့တွင် အများဆုံးပြုလုပ်ခဲ့ပြီး နောက်ဆုံးအကြိမ်ကို ၂၀၁၃ ခုနှစ် မေလတွင် ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့၌ ပြုလုပ်ခဲ့သည်။ အဆိုပါဆွေးနွေးမှုသည် အားရဖွယ်ကောင်းသော်လည်း အပစ်အခတ်ရပ်စဲရေး တည်ဆောက်နိုင်ခဲ့ခြင်း မရှိသည့်အပြင် တိုက်ပွဲများဆက်လက်ဖြစ်ပေါ်နေပြီး အထူးသဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်း ရွှေရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်း စီမံကိန်းများတည်ရှိရာနယ်မြေတစ်ဝိုက်တွင် တိုက်ပွဲများဆက်လက်ဖြစ်ပေါ်နေသည်။ ၎င်းဒေသများတွင် ကချင်ပြည်သူအများအပြားနေထိုင်လျှက်ရှိပြီး KIO လည်း တည်ရှိနေသည်။

### အပစ်ခတ်ရပ်စဲရေး

အခြားတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအများစုနှင့် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးပြီးဖြစ်သော်လည်း ကျိုးပဲ့ပျက်စီးလွယ်သောအနေအထားတွင် တည်ရှိနေပြီး စာရွက်ပေါ်ချရေးရန်ပင် မတန်လောက်အောင် အဆိုးဆုံးအခြေအနေတွင် ရှိနေသည်။ အချို့နေရာများတွင် ပစ်ခတ်မှုများမဖြစ်အောင် ကာကွယ်ရုံတမယ် အပစ်အခတ်ရပ်စဲရေး ရယူထားခြင်းဖြစ်ပြီး တင်းမာမှုများ၊ ထိပ်တိုက်တွေ့ဆုံမှုများအပြင် မြန်မာ့တပ်မတော်နှင့် ၎င်း၏ထိန်းချုပ်မှုအောက်တွင်ရှိသော နယ်ခြားစောင့်တပ်

[3] "Myanmar airstrikes reopen old wounds," Al-Jazeera, 10 January, 2013, http://aje.me/U7Bv0A

များပါဝင်သည့် တိုက်ပွဲငယ်များ ရံဖန်ရံခါ ဆက်လက်ဖြစ်ပေါ်နေလျှက်ရှိသည်။ ဥပမာအားဖြင့်

- ၂၀၁၃ ခုနှစ် ဧပြီလတွင် လက်ရှိတည်ဆောက်ရန် အဆိုပြုထားခြင်းခံရသော ဟတ်ကြီးရေလှောင်တမံစီမံကိန်းအနီးရှိ တိုးတက်သောကရင်ဗုဒ္ဓဘာသာတပ်မတော် (DKBA) စခန်းတစ်ခုအား မြန်မာ့တပ်မတော်နှင့် နယ်ခြားစောင့်တပ်များက တိုက်ခိုက်ခဲ့သည်။ DKBA သည် မြန်မာ့တပ်မတော်၏ တောင်းဆိုချက်အတိုင်း ၎င်းတပ်ရင်းစခန်းကို စွန့်ခွာရန် ငြင်းဆန်၍ ခုခံတိုက်ခိုက်ခဲ့ရာ လူပေါင်း ၄၀ ခန့် သေဆုံးခဲ့သည်။ [4]
- ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် မွန်ပြည်သစ်ပါတီ တပ်စခန်းတစ်ခုကို မြန်မာစစ်တပ်က ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ရာ တိုက်ပွဲတွင် လူ ၇ ဦး သေဆုံးခဲ့သည်[5]။
- ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ကရင်ပြည်နယ်ရှိ နယ်ခြားစောင့်တပ်များနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ လက်နက်အင်အားစုဖြစ်သော ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) နှင့် တိုက်ပွဲများဖြစ်ပွားခဲ့သည်[6]။

အခြားအပစ်အခတ်ရပ်ဒေသများတွင် ပဋိပက္ခသည် ပြည်သူများ၏ နေ့စဉ်ဘဝအစိတ်အပိုင်းတစ်ခုအဖြစ် ကျန်ရှိနေဆဲ ဖြစ်သည်။ ရှမ်းပြည်နယ်တွင် အပစ်အခတ်ရပ်စဲရေးရှိသော်ငြား မြန်မာ့တပ်မတော်နှင့် ရှမ်းပြည်တပ်မတော်တောင်ပိုင်း (SSA–S) နှင့် ရှမ်းပြည်တပ်မတော်မြောက်ပိုင်း (SSA-N) နှစ်ဖွဲ့စလုံးကြား တိုက်ပွဲပေါင်း ၁၀၀ ကျော် ဖြစ်ပွားခဲ့သည်။ KIO နှင့် မဟာမိတ်ဖွဲ့ထားသော ရှမ်းပြည်မြောက်ပိုင်းတွင် အခြေစိုက်သည့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ၏ တပ်စခန်းများသည်လည်း တိုက်ခိုက်ခြင်းခံခဲ့ရပြီး မြန်မာ့တပ်မတော်နှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျှက်ရှိသည်။[7] KIO အပေါ် လတ်တလော မြန်မာစစ်တပ်၏ ထိုးစစ်ဆင်မှုများသည် ရှမ်းပြည်မြောက်ပိုင်းရှိ KIO ၏ တပ်မဟာ ၄ နယ်မြေတွင် အများဆုံး ဖြစ်ပေါ်နေသည်။ ၎င်းနယ်မြေသည် မြန်မာစစ်တပ်နှင့် ရှမ်းပြည်တပ်မတော်တောင်ပိုင်း - မြောက်ပိုင်း နှင့် TNLA တို့အကြား တိုက်ပွဲအများဆုံး ဖြစ်ပွားရာနေရာလည်း ဖြစ်သည်။ အကြောင်းရင်း ၂ ရပ်ကြောင့် ၎င်းဒေသသည် အရေးကြီးသည့် မဟာဗျူဟာနယ်မြေ ဖြစ်နေသည်။

ပထမအချက်မှာ ပဋိပက္ခအများဆုံးဖြစ်ပွားရာ ဒေသများသည် ရွှေရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဖြတ်သန်းသွားရာ နေရာများ ဖြစ်သည်။ ၎င်းပိုက်လိုင်းသည် မြန်မာစစ်တပ်ပိုင်ကုမ္ပဏီဖြစ်သည့် မြန်မာ့ရေနံ နှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ (MOGE) နှင့် အိန္ဒိယ၊ တောင်ကိုရီးယားကုမ္ပဏီစုများကြား ပူးတွဲစီမံကိန်းတစ်ခုဖြစ်ပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့များအား မြန်မာနိုင်ငံကို ဖြတ်ကျော်၍ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသွားမည် ဖြစ်သည်။ ၎င်းရင်းနှီးမြှုပ်နှံမှုကို ကာကွယ်ရန် ပိုက်လိုင်းတစ်လျှောက် မြန်မာစစ်တပ်၏ တပ်များတိုးချဲ့ဖြန့်ကျက်ထားမှုများကြောင့် အကျိုးဆက်အဖြစ် လူ့အခွင့်အရေးချိုးဖောက်မှုများအပြင် လက်နက်ကိုင်တိုက်ပွဲများသည်လည်း စီမံကိန်းလုပ်ငန်းတစ်လျှောက်တွင် တိုးများလာခဲ့သည်။

ဒုတိယအချက်မှာ မြန်မာစစ်တပ်မှ တိုက်ခိုက်သိမ်းယူလိုနေသော ရှမ်းပြည်နယ်ရှိနေရာများသည် ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSA) ကို ပိုမို၍တစ်သီးတစ်ခြားဖြစ်သွားစေမည့်နေရာ ဖြစ်သည်။ UWSA သည် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထဲတွင် လူအင်အား၊ လက်နက်အင်အား အတောင့်တင်းဆုံးဖြစ်ပြီး ဘိန်းဖြူထုတ်လုပ်မှု

---

[4] "Peace be Damned," Irrawaddy, 17 August, 2013, http://bit.ly/14Uvv1u

[5] "Tension mount between Government forces and New Mon State Party," Mizzima, 3 August, 2013, http://bit.ly/13v5Kon

[6] "Govt Backed Militias clash with Kachin, Karen Rebels," Irrawaddy, 19 August, 2013, http://bit.ly/1aklHlg

[7] "Fighting Resumes in North Shan State," Irrawaddy, 26 July, 2013, http://bit.ly/13bwZnU

လုပ်ငန်းအပေါ်အခြေခံပြီး ခေတ်အဆက်ဆက်မြန်မာအစိုးရများနှင့် ကောင်းမွန်သောဆက်ဆံရေး ရှိခဲ့သည်။ သို့သော်လည်း မကြာသေးမီက ၎င်း၏လှုပ်ရှားမှုများကို ကြည့်ခြင်းအားဖြင့် နိုင်ငံရေးမျှော်မှန်းချက်များ ပိုမိုအကောင်အထည်ပေါ်လာရန် ကြိုးပမ်းနေကြောင်း မြင်နိုင်သည်။ ဥပမာအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေမှ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်များကဲ့သို့ ဝပြည်နယ်အဖြစ်သို့ အဆင့်မြှင့်တင်ရန် လိုလားကြောင်း ထုတ်ဖော်ပြောဆိုမှုများ ပြုလုပ်လာခဲ့သည်။[8] မြန်မာ့တပ်မတော်အနေဖြင့် UWSA နှင့် ရှည်လျားပြီးအသေအပျောက်များမည့် စစ်ပွဲကိုဆင်နွှဲမည်ဟု မထင်ရသော်လည်း လက်ရှိသိမ်းပိုက်နိုင်ရန် ကြိုးစားနေသော နေရာများသည် UWSA နှင့် KIO၊ SSA-N တို့၏ တိုက်ရိုက်ချိတ်ဆက်နေမှုများကို ပြတ်တောက်သွားစေမည်ဖြစ်သည့်အပြင် ဝတပ်စခန်း နှင့် မျက်နှာချင်းဆိုင်တွင် မြန်မာစစ်တပ်မှတပ်စွဲထားကာ အနာဂတ်ဝပြည်တည်ထောင်ရေးကိစ္စ ဆွေးနွေးမှုများကို အထောက်အကူဖြစ်စေမည် ဖြစ်သည်။[9]

<u>တပ်အင်အားများထပ်မံဖြည့်တင်းခြင်း</u>

မြန်မာစစ်တပ်သည် အပစ်အခတ်ရပ်စဲရေးကို အသုံးချ၍ တပ်အင်အားဖြည့်တင်းခြင်း၊ ရိက္ခာများတင်ပို့ခြင်း၊ တိုင်းရင်းသားဒေသများရှိ ၎င်းတို့၏တပ်စခန်းများ ပြန်လည်တည်ဆောက်ခြင်းနှင့် ပြင်ဆင်မွမ်းမံခြင်းတို့ကို ပုံမှန်လုပ်ဆောင်နေလျက်ရှိသည်။ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့် ငြိမ်းချမ်းရေးဆွေးနွေးနေသည့် ကာလတစ်လျှောက်လုံး မြန်မာစစ်တပ်မှ အတင်းအဓမ္မသိမ်းယူထားသော ဧက ၂၇၀၀-၃၀၀၀ ခန့်ရှိ မြေနေရာပေါ်တွင် ကြီးမားသော စစ်လေ့ကျင့်ရေးစခန်းတစ်ခုကို တည်ဆောက်နေလျှက်ရှိသည်။ KNPP နှင့် ကရင်နီအရပ်ဖက်အဖွဲ့အစည်းများက အဆက်မပြတ်တောင်းဆိုမှုများ ပြုလုပ်ခဲ့သော်လည်း တပ်စခန်းတည်ဆောက်မှုကို လုံးဝရပ်တန့်ခဲ့ခြင်း မရှိခဲ့ချေ။ ယခုတွင် အဆိုပါစစ်လေ့ကျင့်ရေးစခန်း တည်ဆောက်ပြီးစီးသွားပြီဖြစ်ရာ ကရင်နီပြည်နယ်သည် မြန်မာစစ်တပ်၏ တပ်အင်အားဖြည့်တင်းမှု၊ နယ်မြေတိုးချဲ့မှု ပြယုဂ်တစ်ခုအနေဖြင့် တည်ရှိနေသည်။

မွန်ပြည်နယ်တွင် မွန်ပြည်သစ်ပါတီ (NMSP) ၏ တပ်စခန်းကို တိုက်ခိုက်ပြီးနောက် မြန်မာစစ်တပ်၏ လှုပ်ရှားမှုများတိုးများလာရာ တင်းမာမှုများ မြင့်မားလာလျှက်ရှိသည်။ ယခင် ဝါးဖြင့်တည်ဆောက်ထားသော မြန်မာစစ်တပ်စခန်းများသည် ယခုအခါ ကွန်ကရစ်တိုက်များ ဖြစ်လာသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များကို လက်မှတ်ထိုးထားခဲ့ကြသော်လည်း တပ်အင်အားဖြည့်တင်းမှုများ ဆက်လက်ပြုလုပ်နေလျှက်ရှိသည့်အတွက် တိုက်ပွဲများမကြာခဏဖြစ်နိုင်သည့်အလားအလာ မြင့်မားနေလျှက်ရှိသည်။ KNU အနေဖြင့် အပစ်အခတ်ရပ်စဲစဉ်ကာလအတွင်း စစ်သားများမှ လိုက်နာရန်လမ်းညွှန်ချက်များအား နှစ်ဦးနှစ်ဘက်မှ သဘောတူနိုင်ရန် တိုက်တွန်းကြိုးပမ်းခဲ့သည်။ SSA-S မှလည်း  တိုက်ပွဲဖြစ်ပေါ်မှုအရေအတွက် နည်းပါးသွားစေရန် မြန်မာစစ်တပ်မှ ၎င်း၏အောက်ခြေရှိတပ်စခန်းများကို တိုက်ရိုက်ဆက်သွယ်မှုပြုလုပ်ရေး သဘောတူညီချက်ရအောင် ကြိုးပမ်းခဲ့သည်။ အဆိုပါ တောင်းဆိုချက် ၂ ခုလုံးကို မြန်မာစစ်တပ်မှ သဘောတူညီခြင်း မရှိသေးပေ။

## လူ့အခွင့်အရေးအခြေအနေဆိုးရွားနေဆဲ

<u>အပစ်အခတ်ရပ်စဲရေးနယ်မြေများ</u>

အပစ်အခတ်ရပ်စဲရေးနယ်မြေများတွင် အထူးသဖြင့် အပစ်အခတ်ရပ်စဲရေးကို ပထမဆုံးအကြိမ်အနေဖြင့် ရရှိထားသော ကရင်ပြည်နယ်ရှိ ပြည်သူများ၏ဘဝမှာ တိုးတက်မှုများ ရှိပါသည်။ ၎င်းတို့၏နေ့စဉ်ဘဝများတွင် လက်နက်ကိုင်ပဋိပက္ခများ ကြုံတွေ့

[8] "USWA Wants Autonomous State, not Independence, Irrawaddy 5 June, 2013, http://bit.ly/15gf0gY
[9] "Wa Rebels Caught Up in Regional Chess Match," Irrawaddy, 2 May, 2013, http://bit.ly/17wpDOH

ရခြင်း မရှိတော့သည့်အတွက် ပိုမိုလွတ်လပ်စွာ သွားလာနိုင်ကြသည်။ ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် အနည်းအကျဉ်း စတင်ခြေလှမ်းလာနိုင်ကြပြီး ထွန်ယက်စိုက်ပျိုးခြင်းကို ပိုမိုရွေးချယ်လာကြသည်။ လက်နက်ကိုင်ပဋိပက္ခများ လျော့နည်းသွားပြီးဖြစ်သော်လည်း အခြားတစ်ဘက်တွင်မူ လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပေါ်နေဆဲ ဖြစ်သည်။

ကရင်ပြည်နယ်တွင် အတင်းအဓမ္မခိုင်းစေမှုများ၊ ဆပ်ကြေးငွေကောက်ခံမှုများအပြင် အထူးသဖြင့် လယ်မြေသိမ်းဆည်းခြင်းများကို အပစ်အခတ်ရပ်စဲချိန်မှစ၍ မြန်မာစစ်တပ်နှင့် နယ်ခြားစောင့်တပ်များက ဆက်လက်ကျူးလွန်နေလျှက်ရှိသည်။ နယ်ခြားစောင့်တပ်များသည် ယာဘ (ခေါ်) မြင်းဆေး ကဲ့သို့သော မူးယစ်ဆေးများ ရောင်းဝယ်မှုတွင်လည်း ပါဝင်ပတ်သက်မှုများစွာ ရှိနေသည်။ မွန်ပြည်နယ်တွင်လည်း မြေယာသိမ်းဆည်းမှုမှာ အဓိကကျသော ပြဿနာတစ်ရပ်ဖြစ်နေပြီး ရင်နီးမြှုပ်နှံမှုပြုလုပ်လိုသော အစိုးရလက်ဝေခံကုမ္ပဏီများထံသို့ လယ်မြေများပေးအပ်ရန် လယ်သမားများကို အာဏာပိုင်များက ဖိအားပေးလျှက်ရှိသည်။

သတိပြုရမည့် အရေးကြီးသည့်အချက်မှာ လူ့အခွင့်အရေးချိုးဖောက်မှုအများစုကို မြန်မာစစ်တပ်မှကျူးလွန်နေသည် ဖြစ်သော်လည်း မြေယာသိမ်းဆည်းမှုများ နှင့် ဆပ်ကြေးကောက်ခံမှုများ၏ အကျိုးဆက် လူ့အခွင့်အရေးချိုးဖောက်မှုများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကလည်း ကျူးလွန်နေကြကြောင်း မှတ်တမ်းများစွာ ရှိထားသည်။

<u>ပဋိပက္ခနယ်မြေများ</u>

လူ့အခွင့်အရေးချိုးဖောက်မှု အကျယ်ပြန့်ဆုံးဖြစ်နေသောနေရာများမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတို့ ဖြစ်ကြသည်။ ကချင်ပြည်သူများနေထိုင်သော ရွာပေါင်း ၂၀၀ ကျော်ကို မြန်မာ့တပ်မတော်စစ်သားများက ဖျက်ဆီးပြာချခဲ့ပြီး ၎င်းတို့ချီတက်ရာ လမ်းခရီးတစ်လျှောက် ပြည်သူများ၏ပစ္စည်းဥစ္စာများကို လုယက်ရယူခဲ့ကြသည်။ ပြည်သူပေါင်း ၁၀၀,၀၀၀ ကျော်ခန့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရပြီး ထိုအရေအတွက်ထက် ပို၍ပင်များလာလျှက်ရှိသည်။ အိုးအိမ်စွန့်ခွာထွက်ပြေးရရုံမျှမက သေးဘဲ KIO ထိန်းချုပ်နယ်မြေအတွင်းရှိ ပြည်တွင်းဒုက္ခသည်စခန်းများတွင် နေထိုင်နေလျှက်ရှိသူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို မြန်မာအစိုးရမှ ပိတ်ပင်ထားသည်။ ၎င်းပြည်တွင်းဒုက္ခသည်များသည် အကူအညီများ အရေးပေါ်လိုအပ်နေသော်လည်း မြန်မာအစိုးရက နိုင်ငံတကာလူသားချင်းစာနာမှု အကူအညီပေးရေးအေဂျင်စီများကို လုံခြုံရေးအကြောင်းပြကာ အကူအညီများပေးပို့ခြင်းမှ ဟန့်တားထားသည်။ အစိုးရလက်လှမ်းမမှီသော ဒေသများတွင် နေထိုင်လျှက်ရှိသည့် ပြည်တွင်းဒုက္ခသည်ပေါင်း ၆၀,၀၀၀ ခန့်ထံကို ကုလသမဂ္ဂအဖွဲ့မှ အကူအညီပို့ဆောင်ခွင့် ၂ ကြိမ်သာ ရရှိခဲ့သည်[10]။

၂၀၁၂ ခုနှစ် ခရစ်စမတ်အချိန်အတွင်း လိုင်ဇာမြို့အနီးတွင် ဗုန်းကြဲပစ်ခတ်ခဲ့သော လေကြောင်းတိုက်ခိုက်မှုများသည် ပြည်သူများနေထိုင်သည့် လူနေထူထပ်ရာနေရာများပေါ် ကျရောက်ခဲ့ခြင်းကြောင့် ဒေသခံပြည်သူ အနည်းဆုံး ၂၆ ဦး ထိခိုက်ဒဏ်ရာရခြင်း၊ သေဆုံးခြင်းများ ရှိခဲ့သည်။ ကချင်ပြည်သူအများစုမှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြသောကြောင့် ကချင်ပြည်သူများ၏စိတ်ပိုင်းဆိုင်ရာအပေါ် ထိခိုက်မည်ကို သိသိကြီးဖြင့် ခရစ်စမတ်နေ့မတိုင်ခင်အချိန် ထိုးစစ်တိုးချဲ့တိုက်ခိုက်မှုသည် ဆင်ခြင်တုံတရားကင်းမဲ့သည့် လုပ်ရပ်တစ်ခုသာ ဖြစ်သည်။

---

10 "UN aid reaches Laiza for the first time in almost two years," DVB, 9 September, 2013, http://bit.ly/186Tj5z

အမျိုးသမီးနှင့် မိန်းကလေးငယ်များကို မုဒိမ်းပြုကျင့်သည့် ဖြစ်ရပ်ပေါင်း ၆၄ ခုထိမှတ်တမ်းရှိပြီး အချို့မှာ မြန်မာစစ်သားများ၏ အုပ်စုလိုက် မုဒိမ်းပြုကျင့်ခြင်းကို ခံခဲ့ရကြောင်း တွေ့ရှိရသည်။ ကချင်နှင့် ပလောင်ရွာသားများအား ညှင်းပမ်းနှိပ်စက်မှုများ၊ ဥပဒေမဲ့သတ်ဖြတ်မှုများ၊ တရားလက်လွှတ်ဖမ်းဆီးမှုများအပြင် လူပုဂ္ဂိုလ်အစဖျောက်မှုများဖြစ်ပေါ်ခဲ့သလို ဆက်လက်ဖြစ်ပေါ် နေလျှက်ရှိကြောင်း တွေ့ရှိရသည်။ ၂၀၁၂ ခုနှစ် မေလတွင် ကင်းလှည့်နေသော မြန်မာစစ်သားများမှ ကချင်ပြည်နယ် ပန်ဝါမြို့ရှိ ဘုရားရှိခိုးကျောင်းထဲတွင် ပုန်းခိုနေသော အသက် ၄၈ နှစ်ရှိ ကချင်အမျိုးသမီးတစ်ဦးကို တွေ့ရှိခဲ့ပြီး သူမသည် ၃ ရက်တာအတွင်း ထိုနေရာ၌ပင် ရိုက်နှက်ခြင်း၊ ဓါးဖြင့်ထိုးခြင်း နှင့် အုပ်စုလိုက်မုဒိမ်းကျင့်ခြင်းကို ခံခဲ့ရသည်။ အဆိုပါ အဖြစ်အပျက်ကို တွေ့ရှိခဲ့သော အခြားရွာသားတစ်ဦးကိုလည်း ချိတုတ်ရိုက်နှက်ပြီး ဓါးဖြင့်ထိုးခဲ့ရာ မေ့မျောသွားခဲ့သည်။[11] တရားလက်လွှတ်ဖမ်းဆီးခြင်း၊ ညှင်းပမ်းနှိပ်စက်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုများနှင့်ပတ်သက်သည့် အခြားဥပမာ တစ်ခုမှာ မြန်မာအစိုးရရုံးတစ်ခုကို ဗုံးထောင်ဖောက်ခွဲရန်ကြံစည်ခြင်း၊ KIO နှင့်ပတ်သက်ဆက်နွယ်ခြင်း စသည့်စွဲချက်များဖြင့် မြန်မာ့တပ်မတော်စစ်သားများမှ ပြည်တွင်းဒုက္ခသည်စခန်းတစ်ခုတွင် ဖမ်းဆီးခဲ့သော ကချင်အမျိုးသား ၂ ဦးဖြစ်သည့် ဘရန်ယောင်း နှင့် လပိုင်ဂမ် တို့ပင်ဖြစ်သည်။ ၎င်းတို့၏ ရှေ့နေပြောပြချက်အရ "သူတို့ကို ရက်စက်တဲ့နည်းလမ်းပေါင်း များစွာနဲ့ ညှင်းပမ်းနှိပ်စက်ခဲ့ကြပါတယ်။ ဘယ်လိုမှကို လူမဆန်ပါဘူး[12]"။ ဤဖော်ပြပါ အဖြစ်အပျက်များသည် မြန်မာစစ်တပ်မှ ချိုးဖောက်ကျူးလွန်ခဲ့သော ကြောက်မက်ဖွယ်အဖြစ်အပျက်များထဲမှ မှတ်တမ်းတင်နိုင်ခဲ့သည့် တစ်ခုစနစ်ခုစသာ ဖြစ်ပါသည်။ ထိုအဖြစ်အပျက်များသည် ယနေ့ထိတိုင် ဆက်လက်ဖြစ်ပွား နေလျှက်ရှိသည်။

မြန်မာစစ်တပ်သည် SSA-N ထိန်းချုပ်နယ်မြေများတွင်းရှိ သတ်ဖြတ်မှုများအတွက်လည်း တာဝန်ရှိနေသည်။ ၂၀၁၃ ခုနှစ် ဖွန်လ ၂၃ ရက်နေ့၌ SSA-N တပ်ရင်းရှိရာ နေရာအနီးတွင် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများကြောင့် ရွာတစ်ရွာထိမှန်ခဲ့ကာ ရွာအတွင်းရှိ ဘုန်းကြီးကျောင်းတစ်လုံးပျက်စီးသွားခဲ့ပြီး ၄ ဦးဒဏ်ရာရရှိခဲ့ကာ အသက် ၉၀ အရွယ်ရှိ အဖွားအိုတစ်ဦးသည် ထိတ်လန့်မှုကြောင့် သေဆုံးသွားခဲ့သည်[13]။ မြန်မာစစ်တပ်မှ KIO၊ TNLA နှင့် SSA-N တို့ကို ဆက်လက်ထိုးစစ်ဆင်နေလျှက် ရှိသည့် ရှမ်းပြည်မြောက်ပိုင်းရှိ ပလောင်ဒေသများတွင် တပ်များထပ်မံတိုးချဲ့နေရာချထားမှုကြောင့် ဒေသခံပြည်သူများ ထိတ်လန့်တကြား ဖြစ်နေကြသည်။ ပလောင်အမျိုးသမီးအစည်းအရုံး (PWO) ၏ ပြောဆိုချက်အရ "စစ်သားများသည် ပေါ်တာ ထမ်းရန်နှင့် လမ်းပြရန်အတွက် ရွာသားများအားစုဆောင်းနေလျှက်ရှိပြီး အစားအစာများအား လုယက်ရယူခြင်း၊ လက်နက်ကိုင် အဖွဲ့အစည်းများအား ထောက်ပံ့သည်ဟု ထင်မှတ်သူများအား သတ်ဖြစ်ခြင်း စသည်တို့ကို ကျူးလွန်နေလျက်ရှိသည်[14]" ထို့ကြောင့် ရှမ်းပြည်မြောက်ပိုင်းတွင် ပြည်တွင်းဒုက္ခသည် ရှမ်းတိုင်းရင်းသားလူမျိုး ၅,၀၀၀ ခန့် နှင့် ပလောင်တိုင်းရင်းသား လူမျိုး ၂,၅၀၀ ခန့် ရှိသည်။

**တာဝန်ယူမှုတာဝန်ခံမှု**

လက်ရှိအချိန်တွင် မြန်မာစစ်တပ်သည် ရှေ့တွင်ဖော်ပြခဲ့သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အပြစ်ပေးအရေးယူခံရခြင်း ကင်းလွတ်စွာဖြင့် ကျူးလွန်နေသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စစ်ဘက်ဆိုင်ရာတရားရုံးကိုဖွဲ့စည်းထားပြီး ထိုတရား ရုံး၏တာဝန်နှင့်လုပ်ပိုင်ခွင့်ကို "တပ်မတော်သားများသည် မည်သည့်ပြစ်မှုပင်ကျူးလွန်စေကာမူ ပြည်သူ့တရားရုံးများတွင်

[11] "Gang-rape in church highlights Burma Army impunity for sexual violence in Kachin conflict," Kachin Women's Association – Thailand, 18 May 2012, http://bit.ly/MoElMM

[12] 2 Kachin Men on Trial after Torture by Military Interrogators," Irrawaddy, 9 August, 2013, http://bit.ly/138tT5Y

[13] "Burma Army shows contempt of Buddhism during latest attacks in Shan State," Shan Human Rights Foundation, 2 July, 2013, http://bit.ly/163Tloj

[14] "The Burden of War," Palaung Women's Organization, 5 November, 2012, http://bit.ly/Swen9H

ကြားနာစစ်ဆေးခံရန် လုံးဝမလိုအပ်ပေ[15]" ဟု မြန်မာနိုင်ငံရှေ့နေများကောင်စီ (BLC) ကပြောသည်။ စစ်ဘက်ဆိုင်ရာတရားရုံးများသည် အခြားနိုင်ငံများတွင်လည်း ရှိသည်မှာမှန်သော်လည်း မြန်မာနိုင်ငံတွင် စစ်တပ်နှင့်ပတ်သက်လျှင် တရားမျှတရေးမှာ လက်တွေ့တွင် မရှိသလောက်ပင် ဖြစ်သည်။ ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံတွင် စစ်ဘက်ဆိုင်ရာတရားရုံးက ချမှတ်သော ဆုံးဖြတ်ချက်များကို ပြည်သူ့တရားရုံးချုပ်တွင် ပြန်လည်အယူခံဝင်နိုင်သည်။ သို့သော် မြန်မာနိုင်ငံ၏ စစ်ဘက်ဆိုင်ရာ တရားရေးစနစ်တွင် ကာကွယ်ရေးဦးစီးချုပ်သည် အာဏာအမြင့်ဆုံးဖြစ်သောကြောင့် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မည်သည့်ချမှတ်ပြီးသားဆုံးဖြတ်ချက်ကိုမဆို ပြောင်းပြန်လှန်ပစ်နိုင်သည့် အာဏာရှိနေသည်[16]။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) ကို ၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး လက်ရှိအချိန်အထိ မိမိကိုယ်ကို လူ့အခွင့်အရေးချိုးဖောက်မှုများ စုံစမ်းစစ်ဆေးနိုင်သည့် ထိရောက်မှုရှိသောအဖွဲ့အစည်းအဖြစ် သက်သေမပြနိုင်သေးပေ။ ကော်မရှင်ကို လုပ်ပိုင်ခွင့်အာဏာအပ်နှင်းမည့် လူ့အခွင့်အရေးကော်မရှင်ဥပဒေကြမ်းမှာ ဆွေးနွေးနေဆဲအဆင့်တွင်ရှိပြီး အတည်မပြုရသေးပေ။ ဥပဒေကြမ်းတွင် အစိုးရနှင့်အမှီအခိုကင်းရေး အာမခံချက် ပေးမထားပေ။ ထိုအချက်သည် ထိရောက်သည့်လူ့အခွင့်အရေးအဆောက်အအုံတစ်ခုဖြစ်ရန်အတွက် အရေးကြီးသောအချက် ဖြစ်သည်။ ဥပဒေကြမ်းအရ "နိုင်ငံတော်၏ လုံခြုံရေးနှင့်ကာကွယ်ရေးကို ထိခိုက်စေနိုင်သော" သက်သေများနှင့် စာရွက်စာတမ်း အထောက်ထားများကို ကော်မရှင်ထံ တင်ပြရန် မလိုအပ်ပေ။ ထိုအချက်ကိုအသုံးချပြီး မြန်မာစစ်တပ်မှ မိမိကိုယ်ကိုထိခိုက်စေမည်ဟု သတ်မှတ်ထားသောသတင်း အချက်အလက်များကို နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးကို ထိခိုက်စေနိုင်သည်ဟူသော အကြောင်းပြချက်ဖြင့် ဖုံးကွယ်ချန်လှပ်ထားနိုင်မည် ဖြစ်သည်။

ထို့အပြင် MNHRC ထံသို့ တိုင်းရင်းသားဒေသများရှိ လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် တိုင်ကြားစာများစွာ ပေးပို့ခဲ့သော်လည်း ၂၀၁၂ ခုနှစ်တွင် ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမရမှ "ယခုအချိန်ဟာ ပဋိပက္ခနယ်မြေတွေကို စုံစမ်းစစ်ဆေးဖို့ မသင့်တော်သေးဘူး[17]" ဟု ပြောခဲ့သည်။

တိုင်းရင်းသားဒေသများရှိ လူ့အခွင့်အရေးအဖွဲ့အစည်းများမှ သိသာထင်ရှားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို သက်သေသာဓကများဖြင့် မှတ်တမ်းတင်ပြုစုထားသော်လည်း အဆိုပါအဖြစ်အပျက်များအတွက် မည်သည့်စစ်သားတစ်ဦးတစ်ယောက်မျှ စစ်ဘက်ဆိုင်ရာတရားရုံးတွင်ဖြစ်စေ၊ အရပ်သားတရားရုံးတွင်ဖြစ်စေ တရားစွဲဆိုခံရမှု မရှိသေးပေ။ မြန်မာစစ်တပ်သည် အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်အောင် မိမိကိုယ်ကို ကာကွယ်ထားသောကြောင့် မြန်မာစစ်သားများသည်လည်း မည်သို့ဆိုးရွားလွန်းသည့် လုပ်ရပ်မျိုးအတွက်ကိုမဆို အပြစ်ပေးအရေးယူခံရမည်ကို ကြောက်စရာမလိုဘဲ ကျူးလွန်နိုင်သည့် လွတ်လပ်ခွင့်ကို ရရှိနေသည်။

နောက်ထပ်လမ်းလွဲနေသည့် မြန်မာနိုင်ငံ၏တရားမျှတရေးစနစ် အထူးသဖြင့်တိုင်းရင်းသားဒေသများရှိ တရားမျှတရေးနှင့်ဆိုင်သည့် ဥပမာတစ်ခုမှာ အသက် ၄၈ နှစ်အရွယ်ရှိ ဘရန်ရှောင်၏ အဖြစ်အပျက်ပင် ဖြစ်သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် အသက် ၁၃ နှစ်အရွယ်ရှိ ဘရန်ရှောင်၏ သမီးလေးသည် ကချင်ပြည်နယ် ဖားကန့်မြို့နယ်တွင် ကျောင်းသူငယ်ချင်းများနှင့်အတူ အိမ်တစ်အိမ်အတွင်းတွင် မြန်မာစစ်သားများအားပုန်းနေရာမှ စစ်သားတစ်ဦးက သေနတ်ဖြင့် အိမ်ကိုပစ်ခတ်ခဲ့ရာ သူမ

[15] "Revealing Burma's System of Impunity," Burma Lawyer's Council, 9 September, 2011, http://bit.ly/nLgQHb
[16] "Myanmar: civil-military relations and constitutional reform," by Melissa Crouch, East Asia Forum, 21 June, 2013, http://bit.ly/123MSvn
[17] "Burma's human rights commission rules out conflict-zone investigation," Irrawaddy, 15 February, 2012, http://bit.ly/19DsUcV

အားထိမှန်ပြီး သူငယ်ချင်းများရှေ့မှောက်တွင်ပင် ဆုံးပါးသွားခဲ့သည်။ သမီးလေးသေဆုံးမှုအပေါ် ဦးဘရန်ရှောင်သည် သမ္မတဦးသိန်းစိန်၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ မြန်မာစစ်တပ်၏ မြောက်ပိုင်းတိုင်းဌာနချုပ်နှင့် ကချင်ပြည်နယ်ဝန်ကြီးတို့ထံသို့ တရားမျှတမှုပြန်လည်ရရှိရေးအတွက် တိုင်ကြားစာပေးပို့ခဲ့သော်လည်း မည်သည့်အကြောင်းပြန်စာမျှ ပြန်လည်မရရှိခဲ့ပေ။ သူသည် မိမိရင်ဆိုင်ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ကချင်ပြည်နယ်နေ့ အခမ်းအနားတွင် ထုတ်ဖော်ပြောဆိုခဲ့ရာ ဖမ်းဆီးခြင်းခံခဲ့ရပြီး မြန်မာစစ်တပ်ကို မဟုတ်မမှန်စွပ်စွဲမှုဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရသည်[18]။ ဘရန်ရှောင်သည် လက်ရှိအချိန်အထိ တရားရင်ဆိုင်နေရဆဲ ဖြစ်သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာစစ်တပ်သည် တာဝန်ယူမှု တာဝန်ခံမှု လုံးဝကင်းမဲ့နေသည်ကို တွေ့မြင်နိုင်သည်။ အကယ်၍ ကျောင်းနေအရွယ် မိန်းကလေးငယ်တစ်ဦးအား သတ်ဖြတ်ခဲ့သည့် မြန်မာစစ်တပ်အတွက် ဖခင်ဖြစ်သူကို ထပ်မံဖမ်းဆီးခြင်းသည် တရားမျှတမှုတစ်ခုပါဟုဆိုလျှင် မိမိတို့တပ်မတော်အနေဖြင့် ဂျီနီဗာသဘောတူညီချက်ကို လိုက်နာပါသည်ဆိုသော ၂၀၁၃ ခုနှစ် မတ်လ တပ်မတော်နေ့တွင် ကာကွယ်ရေးဦးစီးချုပ် ဦးမင်းအောင်လှိုင် ပြောခဲ့သောစကားနှင့် မည်သို့များ အပ်စပ်မှုရှိပါသနည်း[19]။

## မြန်မာစစ်တပ်မှ တိုက်ခိုက်ခြင်းများကို ဘာကြောင့် မရပ်နိုင်ရသနည်း။

မြန်မာစစ်တပ်အနေဖြင့် ဘာကြောင့်ဆက်လက်ဖိအားပေးတိုက်ခိုက်နေရသလဲ ဆိုသည့်အချက်အပေါ် အခြေခံတွေးတောချက် ၂ ခုရှိပါသည်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် သမ္မတဦးသိန်းစိန်မှ ထိုးစစ်ဆင်မှုများကို ရပ်တန့်ရန် လူသိရှင်ကြား အမိန့်ပေးခဲ့သော်လည်း မြန်မာစစ်တပ်သည် ၎င်း၏အမိန့်ကို မျက်ကွယ်ပြုကာ ဆက်လက်တိုက်ခိုက်နေခဲ့သည်ကို တွေ့နိုင်သည်။ ထို့ကြောင့်ပင် သမ္မတဦးသိန်းစိန်သည် စစ်တပ်အပေါ်အာဏာ မဆိုစဖွယ်လောက်သာရှိနေသည် ဟုလူအများက ထင်မှတ်ခဲ့သည်။ အခြားအခြေခံတွေးတောချက်နောက်တစ်ခုမှာ ဤလုပ်ဆောင်ချက်များသည် "ချော့တစ်ခါ ရိုက်တလှည့်" နည်းဗျူဟာကို သေသေချာချာ ကျင့်သုံးနေခြင်းပင်ဖြစ်သည် ဆိုသည့်အချက် ဖြစ်သည်။ သမ္မတဦးသိန်းစိန်မှ နိုင်ငံတကာအသိုင်းအဝိုင်းရှေ့မှောက်တွင် မိမိကိုယ်ကို စစ်မှန်သောပြုပြင်ပြောင်းလဲရေးသမားတစ်ဦးအဖြစ် သရုပ်ဖော်နေချိန်တွင် လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များကို စစ်တပ်ထံသို့ လွှဲချလိုက်ခြင်း ဖြစ်သည်။

အမှန်စင်စစ်မှာ သမ္မတဦးသိန်းစိန်သည် စစ်တပ်၏ ရည်ရွယ်ချက်များကို ကောင်းကောင်းသိရှိထားပြီးဖြစ်ပြီး သူ့အနေဖြင့် စစ်တပ်၏လုပ်ဆောင်ချက်များကို တိုက်ရိုက်ဟန့်တားနိုင်မည့် လွှမ်းမိုးမှု မရှိချေ။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းစီအရဖြစ်စေ ၎င်းတို့၏အကြား အာဏာခွဲဝေမှု အခင်းအကျင်းကို ယခင်စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သေသေချာချာ ချမှတ်ထားခဲ့ပြီးဖြစ်သည်။ ရင်နီးမြုပ်နှံမှုရရှိရန်နှင့် အစိုးရအသိအမှတ်ပြုမှုခံရရန်အတွက် တိုင်းပြည်ကို ဖွင့်ပေးခဲ့သည့်တစ်ချိန်တည်းတွင် စစ်တပ်၏အခန်းကဏ္ဍနှင့် ၎င်းတို့ရရှိထားသော အာဏာပျောက်ကွယ်မသွားစေရန် ဆောင်ရွက်ထားခဲ့သည်။ ထို့ကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် သမ္မတရုံးအား တိုင်းပြည်အုပ်ချုပ်ရေးအပိုင်းကို အာဏာခွဲဝေပေးခဲ့သော်လည်း လုံခြုံရေးနှင့်ပတ်သက်သော အရေးကိစ္စမှန်သမျှကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သာလျှင် ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ တိုင်းရင်းသားလူမျိုးစုများ နှင့် စစ်မှန်သောနိုင်ငံရေးအဖြေရှာရန် အမှန်တကယ်ဆန္ဒရှိသူများသည် လွှတ်တော်နှင့် အစိုးရအဖွဲ့အတွင်းတွင် ရှိနေနိုင်သော်လည်း လက်တွေ့တွင် ထိုသို့လုပ်ဆောင်ရန် စစ်တပ်၏ထောက်ခံမှုကို ရရှိရန် လိုအပ်နေပြီး စစ်တပ်၌ နိုင်ငံရေးအဖြေရှာလိုစိတ် မရှိပေ။ *ဧရာဝတီ* မှ ပြုစုထားသော သုတေသနစာတမ်းထဲတွင် နေပြည်တော် စစ်တပ်အသိုင်းအဝိုင်းမှ ပြောပြချက်အရ "ကာကွယ်ရေးဦးစီးချုပ် ဦးမင်းအောင်လှိုင်သည် မြန်မာပြည်၏နယ်စပ်

[18] "Burma/Myanmar: Father of girl killed by military prosecuted by for complaint to human rights commission," Asian Human Rights Commission, 14 June, 2013, http://bit.ly/17Tpcut

[19] "Burma's Military Rejects Rights Abuse Charges," Radio Free Asia, 27 March, 2013, http://bit.ly/17UemlC

ဒေသများအားလုံးကို ထိန်းချုပ်နိုင်ရန် UWSA အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို အပြတ်ချေမှုန်းရန် အစီအစဉ်ရှိသည်” ဟု ဖော်ပြထားသည်။ ဤသုတေသနစာတမ်းထဲတွင်ပင် တရုတ်-မြန်မာနယ်စပ်အခြေစိုက် စစ်ရေးနှင့်နိုင်ငံရေးလေ့လာသူဖြစ်သော ဦးအောင်ကျော်ဇော မှတွေ့ရှိခဲ့သောစာရွက်စာတမ်းများတွင် “တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို သုတ်သင်ရှင်းလင်းရေး[20]” သည် မြန်မာစစ်တပ်၏ ဦးစားပေးလုပ်ငန်းဖြစ်သည်ဟု ဖော်ပြထားသောကြောင့် အဆိုပါအချက်နှင့် ကိုက်ညီနေသည်။

ထို့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအပါအဝင် နိုင်ငံရေးအရအဖြေရှာခြင်းမှာ မရှိမဖြစ် လိုအပ်နေသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တပ်မတော်ကိုယ်စားလှယ်များက အမတ်နေရာ ၂၅ % ရယူထားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရန်အတွက် လွှတ်တော်အတွင်း မဲ ၇၅% အထိ ရရှိရန် လိုအပ်နေသည်။ ဤသည်မှာ ရွေးချယ်တင်မြှောက်ခြင်းခံစရာမလိုသော တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် စစ်တပ်ကျောထောက်နောက်ခံပါတီဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စားလှယ်တို့၏ စုစုပေါင်းမဲအရေအတွက်ဖြင့် မပြင်ဆင်နိုင်အောင် လုပ်ထားသည်မှာ သိသာထင်ရှားပါသည်။  ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကာကွယ်ရေးဦးစီးချုပ်ကို တိုင်ပြည်အား အချိန်မရွေးထိန်းချုပ်နိုင်သည့် အာဏာလည်း အပ်နှင်းထားသည်။ စစ်တပ်မှရေးဆွဲထားသည့် ဤရှုက်ဖွယ်ကောင်းသော ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းရင်းသားဒေသများတွင် ဆယ်စုနှစ်များစွာတိုင်အောင် ခြောက်လှန့်ဖိနှိပ်ကာ စစ်ပွဲများဆင်နွှဲနေသော အစိုးရအဆောက်အအုံများအားလုံး၏အာဏာကို အမြစ်တွယ်ခိုင်မာအောင် ပြုလုပ်ပေးနေသည်။ နိုင်ငံတကာသတင်းများတွင် ဒေါ်အောင်ဆန်းစုကြည် သမ္မတဖြစ်ရေးဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကိုသာ အဓိကထားဖောင်းပေးရေးသားကြသည်။ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံခြားသားနှင့်လက်ထပ်ထားသည့် မည်သူမဆို သမ္မတအဖြစ် ရွေးချယ်ပိုင်ခွင့် မရှိချေ။ သို့သော် တိုင်းရင်းသားအခွင့်အရေး အာမခံချက်ရရှိရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို ဖိအားပေးတောင်းဆိုရန် ပိုမိုလိုအပ်နေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဖြင့် ဩဂုတ်လတွင် ကျင်းပခဲ့သော တိုင်းရင်းသားညီလာခံတစ်ခုတွင် တိုင်းရင်းသားလူမျိုးများဖယ်ဒရယ်ကောင်စီ (UNFC) မှ ချမှတ်ခဲ့သည့် ဖယ်ဒရယ်မူပုံစံကို မြှင့်တင်ပေးရာရောက်ပြီး နိုင်ငံရေးအဖြေတစ်ခုလည်း ရရှိနိုင်မည် ဖြစ်သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် တိုင်းရင်းသားအရပ်ဖက်အဖွဲ့အစည်း ကိုယ်စားလှယ်စုစုပေါင်း ၁၃၀ ကျော်တက်ရောက်ခဲ့သော အဆိုပါညီလာခံတွင် UNFC သည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပယ်ချခဲ့ပြီး ဒီမိုကရက်တစ်ဖယ်ဒရယ်စနစ်တစ်ခုဖြစ်ပေါ်လာရေး တောင်းဆိုမှု ပြုလုပ်ခဲ့သည်။ စစ်အစိုးရလက်ထက် တတိယအဆင့်ရှိ ဗိုလ်ချုပ်မှူးကြီးဟောင်း လက်ရှိလွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်း ကိုယ်တိုင်ပင် ဤအချက်ကိုအသိအမှတ်ပြုကာ “ဖယ်ဒရယ်အစိုးရဖြစ်ပေါ်လာရေး တောင်းဆိုသံတွေ ပိုပြီးကျယ်လောင်လာတယ်။ အဲဒါကို မဖြည့်ဆည်းပေးနိုင်ရင် နိုင်ငံတော်ရဲ့ရိုးသားမှု၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ဥပဒေနဲ့အမိန့်တွေကို ထိန်းသိမ်းရာမှာ အနှောင့်အယှက်တွေ ဖြစ်စေနိုင်ပါတယ်[21]”။ သို့သော် စိတ်မကောင်းစရာအချက်မှာ အစိုးရအနေဖြင့် ဤဖက်ဒရယ်ပြည်ထောင်စုစနစ်အပေါ် ထင်မြင်ချက်များကို ထောက်ခံပြောဆိုခြင်းမရှိဘဲဖြစ်နေပြီး အမှန်စင်စစ်မှာစစ်တပ်သည် လွှတ်တော်ထက် အာဏာများစွာပိုရှိနေပြီး ဥပဒပြုရေးမဏ္ဍိုင်တွင်လည်း အဓိကအခန်းကဏ္ဍမှ နေရာယူထားဆဲဖြစ်သည်။

## တပ်မတော်၏ နိုင်ငံရေးနှင့် စီးပွားရေးအပေါ် လက်ဝါးကြီးအုပ်ထားမှု

စစ်တပ်နှင့်ပတ်သက်၍ သမ္မတဦးသိန်းစိန်ပြောသောစကားများနှင့် လက်တွေ့အဖြစ်အပျက်များကြား မကိုက်ညီမှုများကို ထင်ထင်ရှားရှားမြင်နိုင်သည်။ သမ္မတဦးသိန်းစိန်နှင့် မြန်မာငြိမ်းချမ်းရေးစင်တာ (MPC) တို့က ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် တိုးတက်

[20] “Wa Rebels Caught Up in Regional Chess Match,” Irrawaddy, 2 May, 2013, http://bit.ly/17wpDOH
[21] “Shan State demand 50% budget sharing,” Mizzima, 3 September, 2013, http://bit.ly/14XOYyV

ဖြစ်ထွန်းမှုများရှိနေသည်ဟုဆိုလင့်ကစား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာစစ်တပ်သည် ထိုးစစ်ဆင်ခြင်း၊ သိမ်းပိုက်ထားသောရှေ့တန်းတပ်စခန်းများသို့ တပ်အင်အားများဖြည့်တင်းခြင်း တို့ကိုဆက်လက်ပြုလုပ်နေဆဲဖြစ်သည့်အပြင် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ကျူးလွန်နေဆဲ ဖြစ်သည်။ တစ်ချိန်းတည်းတွင် အဆိုပါတိုင်းရင်းသားဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် မြန်မာအစိုးရနှင့် ပြည်တွင်းပြည်ပကုမ္ပဏီများအကြား သဘောတူညီချက်များရယူနေကြသည်။ တိုင်းရင်းသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တန်းတူညီရေးအတွက် နှစ်ရှည်လများတောင်းဆိုချက်များကို ဖြေရှင်းပေးနိုင်သည့် နိုင်ငံရေးအဖြေတစ်ခုရှာရန်ဟူသော ရည်ရွယ်ချက်မှာမူ တိုးတက်ဖြစ်ထွန်းမှု များများစားစား မရှိချေ။ ငွေကြေးအကျိုးအမြတ်ရရှိရေး ရည်ရွယ်ချက်၌သာလျှင် အောင်မြင်မှုများစွာရှိနေသည်။ ဤသို့ဖြစ်ရခြင်းမှာ စွမ်းအင်ထုတ်လုပ်မှုအပေါ် များစွာအမှီအခိုပြုနေသည့် အစိုးရ၏စီးပွားရေးပြုပြင်ပြောင်းလဲမှုအစီအစဉ်နှင့် သက်ဆိုင်နေသည်။ စွမ်းအင်အတွက် သော့ချက်ဖြစ်သော သဘာဝသယံဇာတများဖြစ်သည့် မြစ်ချောင်းများသည် တိုင်းရင်းသားဒေသများတွင် တည်ရှိနေသည်။ ဥပမာ- ရေအားလျှပ်စစ်ထုတ်လုပ်မည့် ရှမ်းပြည်နယ်ရှိ တာဆန်းရေကာတာစီမံကိန်းသည် အရှေ့တောင်အာရှတွင် အကြီးဆုံးရေကာတာဖြစ်လာမည် ဖြစ်သည်။ ဟတ်ကြီးရေကာတာစီမံကိန်းအနီးမှ ဆုတ်ခွာရန် DKBA က ငြင်းဆန်ရာမှ တိုက်ပွဲများဖြစ်ပေါ်ခဲ့ပြီး အသေအပျောက်များစွာ ရှိခဲ့သည်။ ၎င်းတိုက်ပွဲများသည် သဘာဝအရင်းအမြစ်ရယူလိုမှု၏ တွန်းပို့မှုကြောင့် ဖြစ်ပေါ်လာသည့် ထင်သာမြင်သာရှိသော ပဋိပက္ခတစ်ခု ဖြစ်သည်။ ရွှေရေနံနှင့်သဘာဝဓါတ်ငွေ့ပိုက်လိုင်းတစ်လျှောက်တွင်လည်း လက်နက်ကိုင်ပဋိပက္ခများ အများဆုံး ဖြစ်ပေါ်နေသည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် မြန်မာစစ်တပ်နှင့် နယ်ခြားစောင့်တပ်တို့ပူးပေါင်းကာ KIA ကို တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သော ပူတာအိုနှင့် ကချင်ပြည်နယ်မြောက်ပိုင်းဒေသများသည် အမေရိကန်နိုင်ငံမှ စီးပွားရေးပိတ်ဆို့မှု ပြုလုပ်ခြင်းခံထားရသော ဦးတေဇ မှသစ်ထုတ်လုပ်ရန် ခွင့်ပြုချက်ရရှိထားသောနေရာများပင် ဖြစ်သည်။ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သော မြန်မာနိုင်ငံပြည်တွင်းစစ်ကြီးဖြစ်ရခြင်းအကြောင်းရင်းမှာ အင်မတန်ရှုပ်ထွေးလှပြီး သဘာဝသယံဇာတအကြောင်း တစ်ခုတည်းကြောင့် မဟုတ်သည်မှာမှန်သော်လည်း ၎င်းအချက်သည် အလွန်ကြီးမားသော လှုံ့ဆော်မှုမျိုး... 

လက်ရှိအချိန်တွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်များရေးထိုးပြီး ဆက်ဆံရေးရုံးများလည်း ဖွင့်လှစ်ထားပြီး ဖြစ်သည်။ ဆက်ဆံရေးရုံးများကို သဘောတူညီမှု မရှိနေသေးသောအချက်များအပေါ် စီမံဆောင်ရွက်ရန်၊ ပြဿနာများဖြေရှင်းရန် နှင့် အနာဂတ်ရေးရာကိစ္စများအတွက် တွေ့ဆုံဆွေးနွေးသည့်နေရာအဖြစ် သတ်မှတ်ဖွင့်လှစ်ခဲ့သော်လည်း လက်တွေ့တွင် စီးပွားရေးလုပ်ငန်းများ ပိုမိုချဲ့နိုင်ရန်အတွက်သာ ဖြစ်နေသည်။ အပစ်အခတ်ရပ်စဲထားသောဒေသများတွင် အဖြစ်များဆုံးသော လူ့အခွင့်အရေးချိုးဖောက်မှုများအနက်တစ်ခုမှာ ရင်းနှီးမြှုပ်နှံမှုအတွက် ကုမ္ပဏီများ၊ စစ်တပ်နှင့် ဒေသခံအစိုးရအာဏာပိုင်များမှ မြေယာသိမ်းဆည်းခြင်း ဖြစ်သည်။ အစိုးရနှင့် ရင်းနှီးမှုရယူထားသော စီးပွားရှင်များမှ ရာဘာစိုက်ခင်းများ၊ စက်ရုံအလုပ်ရုံများ၊ ဘိလပ်မြေစက်ရုံများနှင့် သတ္တုတွင်းတူးဖော်ခြင်းများကို တည်ထောင်လာကြသည်။ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများအတွက် လေ့လာဆန်းစစ်မှုများသည် မရှိသလောက်ပင်ဖြစ်ပြီး ဒေသခံများနှင့်လည်း ၎င်းတို့အတွက် မည်သို့အကျိုးပြုမည်ဆိုသည့်အပေါ် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ခြင်းလည်း မရှိပေ။ ထို့အပြင် တိုက်ခိုက်အရေးယူရန်အားနည်းနေသော မြန်မာနိုင်ငံ၏ အခြေခိုင်တည်ငြိမ်မှုမရှိသည့် ဥပဒေမဏ္ဍိုင်သည် အကျိုးအမြတ်ရရှိရေးအတွက် အခွင့်ကောင်းယူသည့်အခွင့်အရေးသမားများ၊ ကျင့်ဝတ်မဲ့သောစီးပွားရေးသမားများမှ အကျိုးအမြတ်များရယူနိုင်သည့် အခြေအနေတစ်ရပ်ကို တွန်းပို့ပေးနေသည်။ အခြေအနေတော်တော်များများတွင် ထိုရင်းနှီးမြှုပ်နှံသူများကို ဒေသခံအာဏာပိုင်များက ကူညီပံ့ပိုးပြီး ၎င်းဒေသခံအာဏာပိုင်များကိုမူ မြန်မာစစ်တပ်မှ ပံ့ပိုးကူညီမှုပေးသည်။

တိုင်းရင်းသားဒေသများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုရှိရန် လိုအပ်သည်မှာ ယုံမှားသံသယရှိဖွယ် မလိုပေ။ သို့သော် အကျိုးအမြတ်များကို နှစ်ပေါင်းများစွာကြာအောင် ဒုက္ခခံစားလာရသော တိုင်းရင်းသားလူထုများမှ ရရှိခံစားနိုင်ရန် လိုအပ်ပါသည်။ လက်ရှိတွင် မည်သည့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုမျှမရှိသေးသည့်အပြင် မည်သည့်မြန်မာ့တပ်မတော်စစ်သားမျှ တိုင်းရင်းသားဒေသများမှ ဆုတ်ခွာသွားခြင်း မရှိသေးပေ။ မြေယာများသိမ်းဆည်းခံရခြင်းနှင့် မြန်မာစစ်တပ်မှ အင်အားထပ်မံဖြည့်တင်းခြင်းတို့သာရှိပြီး အစိုးရနှင့်နီးစပ်သော စီးပွားရေးသမားများသာ ပို၍ချမ်းသာလာကြသည်။ ရင်းနှီးမြှုပ်နှံမှုများ ရေရှည်တည်မြဲသည့်အခြေအနေကို ဖန်တီးနိုင်ရန်မှာ ရေရှည်တည်တံ့သောငြိမ်းချမ်းရေး မရှိမဖြစ် လိုအပ်ပေသည်။ ထိုအမှန်တရားကို လက်ကိုင်ထားဆဲဖြစ်သူ KNLA လက်ထောက်အရာရှိချုပ် ဗိုလ်ချုပ်ဘော်ကျော်ဟဲ က "ကျနော်တို့နယ်မြေထဲကို စီပွားရေးတွေ ဝင်လာချင်ပါတယ်၊ ဒါပေမယ့် သူတို့ကို ကျွန်တော်တို့ မဝင်လာခိုင်းပါဘူး၊ ပထမဦးဆုံး ကျွန်တော်တို့ တည်ငြိမ်တဲ့အခြေအနေကို ဖန်တီးရပါမယ်[22]" ဟု ပြောခဲ့သည်။ ထို့ပြင် ခိုင်မာသောငြိမ်းချမ်းရေးဆွေးနွေးပွဲများကိုကျော်၍ ရင်းနှီး မြှုပ်နှံမှုများကို ဦးစားပေးခြင်းသည် ပဋိပက္ခကိုပိုမိုကြီးထွားစေပြီး တိုင်းရင်းသားအချင်းချင်းကြားတွင်းလည်း ပဋိပက္ခများဖြစ်ပေါ်စေနိုင်သည်။ စီးပွားရေးအခွင့်အလမ်းများရရှိရေးသည် ရှန်းကန်ရယူရမည့် ဦးစားပေးရည်မှန်းချက်အသစ် တစ်ခုဖြစ်လာပါက တိုင်းရင်းသားဒေသများရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်းကြားတွင်ဖြစ်စေ၊ အစိုးရစစ်တပ်များ နှင့် ၎င်း၏အပေါင်းအပါများနှင့်ဖြစ်စေ တန်ဖိုးရှိလှသော သဘာဝအရင်းအမြစ်များရရှိရေးနှင့် နယ်မြေထိန်းချုပ်ခွင့် ရရှိရေးအတွက် တိုက်ခိုက်လာကြမည့် ဖြစ်နိုင်ချေရှိသည်။

ဗိုလ်ချုပ်ဘော်ကျော်ဟဲကဲ့သို့ ရင်းနှီးမြှုပ်နှံမှုများကို တွန်းလှန်သည့် ခေါင်းဆောင်မျိုးရှိသော်ငြားလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းရှိ အချို့သောခေါင်းဆောင်များသည် ရင်းနှီးမြှုပ်နှံမှုများမှတဆင့် အကျိုးအမြတ်များ ရရှိနေကြသည်။ ဤအချက်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို သွေးကွဲသွားစေပြီး တိုင်းရင်းသားများကိုယ်တိုင် နှစ်ပေါင်းများစွာကြာအောင် တိုက်ခိုက်တောင်းဆိုလာခဲ့သော မျှော်မှန်းချက်များသည်လည်း ပစ်ပယ်ခြင်းခံရမည် ဖြစ်သည်။ ထို့ကြောင့် လက်ရှိအခြေအနေအပေါ် အကျိုးအမြတ်ထုတ်ယူနေသူများမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းခေါင်းဆောင်များဖြစ်စေ၊ အစိုးရလက်ဝေခံစီးပွားရေးသမားများဖြစ်စေ သေချာသည်မှာ တိုင်းရင်းသားပြည်သူများ၏ အခွင့်အရေးသည် အိမ်မက်တစ်ခုအဖြစ်သာ ကျန်ရှိနေပြီး စီးပွားရေးခေါင်းပုံဖြတ်မှုသည်လည်း အများကျင့်သုံးရာ စံနှုန်းတစ်ခု ဖြစ်လာမည် ဖြစ်သည်။

**အရပ်ဖက်လူထုအသိုင်းအဝိုင်းပါဝင်မှု အထူးသဖြင့် အမျိုးသမီးများပူးပေါင်းပါဝင်ခြင်း၏ အရေးပါမှု**

အရပ်ဖက်အဖွဲ့အစည်းများသည် လက်ရှိအချိန်အထိတိုင် ငြိမ်းချမ်းရေးဖြစ်စဉ်မှ ဘေးဖယ်ထားခြင်းခံရပြီး အစိုးရဘက်တွင် လုံးဝနီးပါး ပါဝင်ခွင့်မပြုဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဘက်မှလည်း အနည်းအကျဉ်းသာ ပါဝင်ခွင့်ပြုသည်။ ဒေသခံလူထုများအား ၎င်းတို့၏အခွင့်အရေးများ၊ ငြိမ်းချမ်းရေး၏အနှစ်သာရအပြင် မိမိတို့ရင်ဆိုင်နေရသော ပြဿနာအခက်အခဲများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံသို့ တင်ပြနိုင်ရန် မည်သို့မည်ပုံ ချဉ်းကပ်ဆက်ဆံရမည်ကို စွမ်းရည်မြှင့်သင်ကြားပေးခြင်းသည် ၎င်းတို့၏ဘဝကို မြှင့်တင်ပေးရာလည်းရောက်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးကိုလည်း အထောက်အကူပြုသည့်အတွက် အဆိုပါလုပ်ငန်းများကို အားပေးကူညီသင့်သည်။ လတ်တလောတွင် မြစ်ကြီးနားနှင့် ရန်ကုန်ရှိ ကချင်တိုင်းရင်းသားအရပ်ဖက်အဖွဲ့အစည်းများသည် KIO ထိန်းချုပ်နယ်မြေများအတွင်းရှိ ပြည်တွင်းဒုက္ခသည်စခန်းများသို့ INGOs များ သွားရောက်ခွင့်ရရှိအောင် စည်းရုံးပြောဆိုမှုများ၊ အသိပညာပေးခြင်းများ ပြုလုပ်နေလျှက်ရှိသည်။

[22] "KNU Gen. Baw Kyaw Heh Exposes How Ceasefire Agenda has Shifted to Business," Karen News, 5 September, 2013, http://bit.ly/13m5FTM

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ဆက်စပ်၍ အရပ်ဖက်လူထုအဖွဲ့အစည်းများ၏ အားစိုက်လုပ်ဆောင်နေသည့် အခြားအကြောင်းအရာတစ်ခုမှာ ထိုင်း-မြန်မာနယ်စပ်ရှိ ဒုက္ခသည် ၁၅၀,၀၀၀ ခန့်ကို ပြန်လည်နေရာချထားမည့်ကိစ္စ ဖြစ်သည်။ အဆိုပါဒုက္ခသည်များရှိနေခြင်းသည် မြန်မာအစိုးရမှ ကြွေးကြော်နေသော ပြုပြင်ပြောင်းလဲရေးအနစ်သာရနှင့် ဆန့်ကျင်နေသောကြောင့် အစိုးရက ဒုက္ခသည်များကို ပြန်လည်ပို့ဆောင်ရန် အလွန်ဆန္ဒပြင်းပြနေသည်။ သို့သော် အပစ်အခတ်ရပ်စဲရေးသည် ကျိုးပဲ့ပျက်စီးလွယ်နေဆဲဖြစ်သည်ကတစ်ကြောင်း၊ ဒုက္ခသည်များ ယခင်နေထိုင်ရာနေရာများတွင် မြန်မာစစ်တပ်များရှိနေဆဲဖြစ်သည်ကတစ်ကြောင်း၊ မြေမြှုပ်မိုင်းအန္တရာယ်ကြီးမားနေဆဲဖြစ်သည်ကတစ်ကြောင်း စသည့်အကြောင်းများကြောင့် ဒုက္ခသည်အများစုသည် ပြန်လည်အခြေချနေထိုင်ရန် မဖြစ်နိုင်သေးဟုခံစားရပြီး ၎င်းတို့ကိုအတင်းအကြပ်ပြန်လည်ပို့ဆောင်မည်ကိုလည်း စိုးရိမ်မှုများရှိနေသည်။ ဒုက္ခသည်စခန်းများတွင် လုပ်ကိုင်နေသော ရှမ်း၊ ကရင်နီနှင့် ကရင် အရပ်ဖက်လူထုအဖွဲ့အစည်းများသည် ဒုက္ခသည်များ ပြန်လည်မပို့ဆောင်ခင် အထက်ဖော်ပြပါအချက်များအပါအဝင် အခြားဖြည့်ဆည်းလုပ်ဆောင်ရန်လိုအပ်သည့် အခြေအနေများကို ထုတ်ပြန်ခဲ့ကြသည်။ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများနှင့် အေဂျင်စီများသည် မိမိသဘောဆန္ဒအရ ပြန်လည်နေရာချထားခြင်းကို အကောင်အထည်ဖော်ရာတွင် ဒုက္ခသည်များ၏ သဘောတူညီမှု၊ လူ့ဂုဏ်သိက္ခာနှင့် လုံခြုံရေးတို့ကို အာမခံချက်ပေးနိုင်ရန် ဒုက္ခသည်များကိုယ်တိုင်နှင့်ဖြစ်စေ၊ အရပ်ဖက်လူထုအဖွဲ့အစည်းများနှင့်ဖြစ်စေ နီးကပ်စွာပူးပေါင်းလုပ်ဆောင်ရန် မရှိမဖြစ်လိုအပ်ပြီး အဓိပ္ပါယ်ပြည့်ဝသော ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန်လိုအပ်သည်။

လိုအပ်သောအကူအညီများပေးရာတွင် အရပ်ဖက်လူထုအဖွဲ့အစည်းများသည် တက်ကြွပြီးဖန်တီးနိုင်စွမ်းရှိသောသူများအဖြစ် မိမိကိုယ်ကိုပြနိုင်သော်လည်း ၎င်းတို့သည် ဆက်လက်ပြီးဘေးဖယ်ခံထားရဆဲ ဖြစ်သည်။ ပဋိပက္ခဒဏ်ခံစားနေရသော ပြည်သူလူထုကို ကိုယ်စားပြုနိုင်စွမ်းအရှိဆုံးအနေအထားတွင် ရှိနေသောသူများမှာ အရပ်ဖက်အဖွဲ့အစည်းများသာလျှင် ဖြစ်သော်လည်း ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ၎င်းတို့ပါဝင်နိုင်ရန် ယန္တရားလုံးဝမရှိသေးပေ။ သို့သော် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် ပြင်ဆင်မှုများပြုလုပ်ရာတွင် ရပ်ရွာလူထု၏ လိုအပ်ချက်များနှင့်ပတ်သက်ပြီး အကြံပြုချက်များပေးနိုင်ရန် KIO မှ မကြာသေးမီက ဖွဲ့စည်းခဲ့သော နည်းပညာပိုင်းဆိုင်ရာအကြံပေးအဖွဲ့ (Technical Advisory Team) သည် ခြွင်းချက်ဖြစ်သည်။ ၎င်းအဖွဲ့ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းထားပြီး ၁၀ ဦးမှာ အရပ်ဖက်လူထုအဖွဲ့အစည်းကိုယ်စားလှယ်များဖြစ်ကြကာ ကျားမပါဝင်မှုအချိုးအစားလည်း မျှတမှုရှိသည်။ ဤဆောင်ရွက်ချက်သည် အစပိုင်းအဆင့်တွင်သာ ရှိသေးသော်လည်း အပြုသဘောဆောင်သောခြေလှမ်းတစ်ခု ဖြစ်သည်။

အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာရေးယန္တရား မတည်ဆောက်ရသေးသော်လည်း ဤအခြေအနေတွင် အရပ်ဖက်လူထုအဖွဲ့အစည်းများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။ နိုင်ငံတကာအသိုင်းအဝိုင်း၏ပါဝင်မှုကြောင့် ထိုပါဝင်သောနိုင်ငံတကာအစိုးရများမှ အောက်ခြေပိုင်းအခြေအနေများကို အမှန်တကယ်ခံစားသိရှိနားလည်လာမည်ဖြစ်ပြီး မြန်မာစစ်တပ်ကိုလည်း တိုက်ခိုက်မှုများမှ ရပ်တန့်ရန် ဖိအားပေးနိုင်သည်။ လက်နက်ကိုင်ဆောင်ထားသူများထံမှ အစံအနစ်မရှိသော ကတိစကားများကြားရသည်ထက်စာလျှင် အရပ်ဖက်လူထုအဖွဲ့အစည်းများမှ စောင့်ကြည့်သူများအဖြစ် ပါဝင်ခြင်းသည်သာလျှင် လူထုအသိုင်းအဝိုင်းကို အားပေးမြှင့်တင်ရာရောက်ပြီး ဒေသခံပြည်သူများကို ငြိမ်းချမ်းရေးကာကွယ်သူများအဖြစ် မြင်ခြင်းကြောင့် ဖြစ်သည်။

<u>အမျိုးသမီးများပါဝင်မှု</u>

ငြိမ်းချမ်းရေးဖြစ်စဉ်၏ ထင်ရှားသော အချက်တစ်ခုမှာ အမျိုးသမီးများပါဝင်မှု ကင်းမဲ့နေခြင်းဖြစ်ပြီး အမျိုးသားများကသာ နေရာ

ယူထားကြသည်။ သို့သော် ဤအချက်သည် အံ့သြဖွယ်ရာ မဟုတ်ပါ။ ဥပမာ အစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို ညှိနှိုင်းဆောင်ရွက်ပေးနေသော မြန်မာငြိမ်းချမ်းရေးစင်တာ၏ အရေးပါသောဆုံးဖြတ်ချက်များ ချမှတ်နိုင်ခွင့်ရှိသူများတွင် အမျိုးသမီးတစ်ဦးမှပါဝင်မှု မရှိပါ။ အဖွဲ့အစည်းတစ်ခုလုံးကို အဓိကအားဖြင့် မြန်မာလူမျိုး အမျိုးသားများကသာ ကွပ်ကဲနေသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှုသည် ပိုမိုကောင်းမွန်သော်လည်း ဆုံးဖြတ်ချက်ချမှတ်မှုနှင့် ကိုယ်စားပြုမှုတို့တွင် အင်မတန်မှနည်းပါးနေသေးသည်။ KNU ခေါင်းဆောင်တစ်ဦးဖြစ်သူ နော်စီဖိုးရာစိန်ကဲ့သို့ မြင်သာသော ခြွင်းချက်တစ်ချို့ရှိသော်လည်း ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် ပါဝင်သူများမှာ အများအားဖြင့် အမျိုးသားများသာ ဖြစ်ကြသည်။ ဤအချက်သည် အလွန်ကြီးမားသော ပြဿနာတစ်ရပ် ဖြစ်သည်။ ပဋိပက္ခဖြစ်ပွားချိန်၌ အမျိုးသားများနှင့် အမျိုးသမီးများသည် မတူညီသော တွေ့ကြုံမှုများရင်ဆိုင်ရပြီး အမျိုးသမီးများအနေဖြင့် အမျိုးသားများမကြုံတွေ့ရသော အခက်အခဲများစွာကို ကြုံတွေ့ရသည်။ ထိုပြဿနာများကို အမျိုးသားအများစုက ဖြေရှင်းပေးနိုင်ခြင်း သို့မဟုတ် အပြည့်အဝနားလည်ပေးနိုင်ခြင်း မရှိချေ။ အမျိုးသမီးများကို ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဆုံးဖြတ်ချက်များချမှတ်သည့်ဖြစ်စဉ်၏ အစောပိုင်းကာလကတည်းကတွင်ပင် ချန်လှပ်ထားခဲ့ခြင်းမှာ ဖွဲ့စည်းခြင်းဆိုင်ရာ ကျား-မမညီမျှမှုသည် မြန်မာနိုင်ငံတစ်ဝှမ်းတွင် သက်ရောက်ကျန်ရှိနေမည် ဖြစ်သည်။

## နိဂုံး

သမ္မတဦးသိန်းစိန်နှင့် အစိုးရ၏ နိုင်ငံတော်အဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် အဓိကကျသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို နေပြည်တော်သို့လာရောက်ကာ တစ်နိုင်ငံလုံးအတိုင်းအတာဆောင်သော အပစ်အခတ်ရပ်စဲရေးကို အများပြည်သူရှေ့မှောက်တွင် သဘောတူလက်မှတ်ရေးထိုးရန် လိုလားနေသည်။ သို့သော် လက်ရှိတွင် ဤကိစ္စသည် မဖြစ်နိုင်ပေ။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းများတွင် တိုက်ပွဲများဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ပြီး တိုင်းရင်းသားခေါင်းဆောင်များက အစိုးရအပေါ် အယုံအကြည် မရှိကြပေ။ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကဲ့သို့ အလည်ရောက်ရှိလာသည့် အရေးကြီးသောပုဂ္ဂိုလ်များရှေ့မှောက်တွင် လက်မှတ်ရေးထိုးမှုများ ပြုလုပ်ခြင်းဖြင့် နိုင်ငံတကာအသိုင်းအဝိုင်း၏အမြင်တွင် အစိုးရသည်စစ်မှန်မှုရှိသည်ဟု ထင်စေနိုင်သော်လည်း ဆင်းရဲဒုက္ခများကို အချိန်ကြာမြင့်စွာ ခံစားလာရသော တိုင်းရင်းသားပြည်သူများကိုမူ အကျိုးပြုမည် မဟုတ်ပါ။ စစ်တပ်၏ကြီးစိုးမှုကြောင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် လက်ရှိနိုင်ငံတော်တည်ဆောက်ပုံအခင်းအကျင်းကို အစိုးရကိုယ်တိုင်က ပြုပြင်ပြောင်းလဲလိုစိတ်လည်းမရှိသလို ပြောင်းလဲနိုင်စွမ်းလည်း မရှိပါ။ ဤအခြေခံပြဿနာများကို အစိုးရအပြင် မြန်မာစစ်တပ်မှ စားပွဲဝိုင်းပေါ်တင် ဆွေးနွေးလိုစိတ်ရှိသောအချိန်ကျမှသာလျှင် ငြိမ်းချမ်းရေးဖြစ်စဉ်သည် ရှေ့ဆက်တိုးနိုင်မည် ဖြစ်သည်။ ထို့ကြောင့်ပင် လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်မှာ ရှေ့မတိုးနောက်မဆုတ်သာ ဖြစ်နေရသည်။ လူထုဆက်ဆံရေးကစားကွက်များ မည်မျှပြုလုပ်စေကာမူ တန်းတူညီရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် တရားမျှတမှုတို့အတွက် နှစ်ပေါင်းများစွာကြာအောင် ကြိုးပမ်းလာခဲ့သည့် တိုင်းရင်းသားပြည်သူများ၏ဘဝကို ပိုမိုကောင်းမွန်သွားအောင် ပြုလုပ်ပေးနိုင်မည် မဟုတ်သလို ဤဆင်းရဲဒုက္ခများကို ဆက်လက်ခံစားကြရဦးမည် ဖြစ်သည်။

## အကြံပြုတိုက်တွန်းတောင်းဆိုချက်များ

**အစိုးရထံသို့**

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ထိုးစစ်ဆင်နေမှုများကို ချက်ချင်းရပ်ပါ။
- တိုင်းရင်းသားဒေသများသို့ တပ်အင်အားများထပ်မံဖြည့်တင်းခြင်း လက်နက်ရိက္ခာများတင်ပို့ခြင်းနှင့် စစ်တပ်စခန်းအဆောက်အအုံအသစ်များ တည်ဆောက်ခြင်းမှ ချက်ချင်းရပ်ပါ။
- လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ချိုးဖောက်သူများ အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရရှိနေခြင်းကို ချက်ချင်းအဆုံးသတ်ပါ။
- လူသားချင်းစာနာမှုအကူအညီများအား အစိုးရနယ်မြေသို့ဖြစ်စေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ နယ်မြေသို့ ဖြစ်စေ အကူအညီလိုအပ်သူများထံသို့ပေးပို့ခြင်းကို အနှောင့်အနှေးမရှိ ခွင့်ပြုပါ။
- မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံသို့ ပေပို့ထားသော လူ့အခွင့်အရေးချိုးဖောက်မှု တိုင်တန်းချက်များအားလုံးကို စုံစမ်းဖော်ထုတ်ပါ။
- စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုထက် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုကို ဦးစားပေးဆောင်ရွက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဖက်လူထုအဖွဲ့အစည်းများပါဝင်သည့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲတစ်ခုကို အကောင်အထည်ဖော်ပါ။
- တစ်နိုင်ငံလုံးငြိမ်းချမ်းရေးရရှိရေး အခြေခံအချက်တစ်ခုအနေဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အားနည်းချက်များကို အသိအမှတ်ပြုပါ။
- လွတ်လပ်သောနိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့် အရပ်ဖက်လူထုအဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ ဖိတ်ခေါ်ပါ။
- အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်ရေးယန္တရားတစ်ခု ဖြစ်ပေါ်လာစေရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ အရပ်ဖက်လူထုအဖွဲ့အစည်းများအပြင် နိုင်ငံတကာရှိသက်ဆိုင်သူများနှင့် ပူးပေါင်းလုပ်ဆောင်ပါ။
- တိကျခိုင်မာသောယန္တရားများ၊ လုပ်ဆောင်ချက်များမှတဆင့် ဆွေးနွေးမှုများအားလုံးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးလုပ်ရှားမှုများအားလုံးတွင် အမျိုးသမီးများပါဝင်အောင် ဆောင်ရွက်ပါ။
- မြန်မာငြိမ်းချမ်းရေးစင်တာကဲ့သို့ ငြိမ်းချမ်းရေးဖြစ်စဉ်လှုပ်ရှားမှုများအတွက် အစိုးရကိုယ်တိုင်၏ ရန်ပုံငွေလျာထားသုံးစွဲပါ။

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံသို့**

- လူ့အခွင့်အရေးချိုးဖောက်မှုအားလုံးရပ်တန့်ပြီး ကျူးလွန်သူများ အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ကို အဆုံးသတ်ပါ။
- ဆွေးနွေးပွဲအဆင့်တိုင်းတွင် ဒေသခံပြည်သူများ၊ အရပ်ဖက်လူထုအဖွဲ့အစည်းကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ပါ။

- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အရပ်ဖက်လူထုအဖွဲ့အစည်းများ၏ပါဝင်မှုကို အသိအမှတ်ပြုပြီး၊ ၎င်းတို့အနေဖြင့် အပစ်အခတ်ရပ်စဲရေးစောင့်ကြည့်ခြင်း၊ ဆွေးနွေးပွဲများကို စောင့်ကြည့်လေ့လာခြင်းနှင့် ကြားဝင်ဖြန်ဖြေခြင်း စသည်တို့တွင် ပါဝင်နိုင်ရန်အတွက် ယန္တရားများတည်ဆောက်ပါ။
- တိကျခိုင်မာသောယန္တရားများ၊ လုပ်ဆောင်ချက်များမှတဆင့် ဆွေးနွေးမှုများအားလုံးနှင့် ငြိမ်းချမ်းရေးတည်ဆောက်မှု လှုပ်ရှားမှုများအားလုံးတွင် အမျိုးသမီးများပါဝင်အောင် ဆောင်ရွက်ပါ။
- အစိုးရနှင့်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရာတွင် တိုင်းရင်းသားများအားလုံးမှ ညီညွှတ်သောရပ်တည်ချက်ဖြင့် လျှောက်လှမ်းပါ။
- အပစ်အခတ်ရပ်စဲရေးကာလအတွင်း ဖန်တီးပေးလာသော စီးပွားရေးအခွင့်အလမ်းဆွဲဆောင်မှုများထက် နိုင်ငံရေးရည်မှန်းချက်များကို အာရုံစိုက်လုပ်ဆောင်ပါ။

**<u>နိုင်ငံတကာအသိုင်းအဝိုင်းသို့</u>**

- ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့ရှိ လက်နက်ကိုင်ပဋိပက္ခများကိုရပ်တန့်ရန် အစိုးရအားတောင်းဆိုပါ။
- လူ့အခွင့်အရေးချိုးဖောက်မှုများရပ်တန့်ရန် အဖွဲ့အစည်းများအားလုံးကို တောင်းဆိုပါ။
- ဥပဒေပြုရယူထားသော စစ်တပ်၏အာဏာကို လျှော့နည်းသွားစေရန် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် အသစ်ပြန်လည်ရေးဆွဲခြင်းပြုလုပ်ခြင်းဖြင့် နိုင်ငံရေးအပြောင်းအလဲ ပြုလုပ်လာအောင် အစိုးရကို ဖိအားပေးတောင်းဆိုပါ။
- နေရပ်သို့ပြန်လာရန် ကြောက်ရွံ့နေဆဲဖြစ်သော ဒုက္ခသည်များနှင့် ပြည်တွင်းအိုးအိမ်စွန့်ခွာထွက်ပြေးသော ပြည်တွင်းဒုက္ခသည်များအား ကူညီမှုများ ဆက်လက်ထောက်ပံ့ပေးပါ။ ဒုက္ခသည်များ ပြန်လည်ပို့ဆောင်ရေးနှင့် စပ်လျဉ်းသည့် မည်သည့်လုပ်ငန်းမျိုးမဆို အရပ်ဖက်လူထုအဖွဲ့အစည်းများနှင့် အရေးကြီးဆုံးဖြစ်သော ဒုက္ခသည်များကိုယ်တိုင်အပါအဝင် သက်ဆိုင်သူများအားလုံးပါဝင်မှုရှိပြီး အဓိပ္ပါယ်ပြည့်ဝ၍ လုံခြုံမှုရှိသော ညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်ပြီးမှသာလျှင် လုပ်ဆောင်ပါ။
- ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လုပ်ဆောင်မှုမပြုခင် သက်ဆိုင်သူများအားလုံးနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး မိမိ၏ လုပ်ငန်းနည်းဗျူဟာကို အများပြည်သူထံသို့ ချပြပါ။
- လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အသက်မွေးဝမ်းကြောင်းဆုံးရှုံးမှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကို ပိုမိုတိုးများလာစေနိုင်သော ပဋိပက္ခဒဏ်ခံစားနေရသည့် ဒေသများတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ခြင်းမှ ရှောင်ကျဉ်ပါ။